စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း

## လူ့အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ အနှစ်ချုပ်စာလွှာ

# နစ်နာမှုများအား ကုစားခြင်း



Institute for Human Rights and Business

Myanmar Centre for Responsible Business

THE DANISH INSTITUTE FOR HUMAN RIGHTS

အနှစ်ချုပ်စာလွှာသည် မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက်လေ့လာဆန်းစစ်ခြင်း သုတေသနအဖွဲ့များ အသုံးပြုရန်အတွက် ပြုစုထားခြင်းဖြစ်သည်။ သို့ရာတွင် အထူးသဖြင့် စီးပွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ လူ့အခွင့်အရေးချိုးဖောက်နိုင်မှုများနှင့်ပတ်သက်၍ နားလည်နိုင်စေရေးတွင်လည်း အသုံးပြုနိုင်မည် ဖြစ်ပါသည်။ MCRB ၏ စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာ ဆန်းစစ်ခြင်း သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ MCRB အင်တာနက်စာမျက်နှာ www.mcrb.org.mm တွင် အသေးစိတ် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။

# လူ့အခွင့်အရေးနှင့်ဆက်နွှယ်သည့် အကြောင်းအရာအကျဉ်းချုပ်

လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်မှုများအတွက် ကုစားရန်နည်းလမ်းရှိခြင်းသည်ပင်လျှင် လူသားတိုင်း၏ လူ့အခွင့်အရေး တစ်ရပ် ဖြစ်သည်။ ထိခိုက်မှုများအတွက် တာဝန်ခံမှုရှိခြင်းသည် လူ့အခွင့်အရေး၏ အဓိကမူဝါဒဖြစ်သည်။ မြန်မာနိုင်ငံတွင် ယနေ့အထိ အစိုးရမှ နိုင်ငံသားများ၏အခွင့်အရေး ချိုးဖောက်ခံရခြင်းအတွက် အပြည့်အဝ တာဝန်ခံမှု မရှိသေးပါ။ များသောအားဖြင့် ကုမ္ပဏီများသည် (အပြစ်ဒဏ်ပေးခြင်း မခံရဘဲ) လူများအပေါ် ထိခိုက်မှုများအတွက် တာဝန်ယူရန်သတိပေးခြင်းမခံရပါ။ အစိုးရသည် တရားဥပဒေစိုးမိုးရေးအပေါ် ရည်မှန်းချက်အသစ်ဖြင့် လုပ်ဆောင် လာခြင်းနှင့် လူ့အခွင့်အရေးအပေါ်လေးစားရန် ဆောင်ရွက်လျှက်ရှိသည်။ သို့ဖြစ်ရာ စီးပွားရေးလုပ်ငန်းများမှ ထိခိုက်မှုများအတွက် နစ်နာသူများအား ထိရောက်သော၊ ကျင့်သုံးနိုင်သော ကုသမှုရယူနိုင်ခွင့်ပေးရမည်။ ထိခိုက်နစ်နာမှု၊ စိုးရိမ်မှုဆိုသည်မှာ - လူတစ်ဦးချင်း၊ သို့မဟုတ် လူ့အစုအဖွဲ့များမှ ၎င်းတို့၏ပိုင်ဆိုင်မှုအပေါ် သက်ရောက်သော တရားမျှတမှုမရှိသည့် ခံစားချက်ကိုဆိုလိုသည်။ ၎င်းသည် ဒေသအဆင့်တရားရုံးများ၊ သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာ တရားရုံးများ၊ သို့မဟုတ် ပုဂ္ဂလိက၊ သို့မဟုတ် အစုအဖွဲ့များဖြင့် ဖွဲ့စည်းထားသောအဖွဲ့မှ တရားရေးပြင်ပ (ဥပမာ-အလုပ်သမားခုံရုံး၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ပြင်ပအဖွဲ့အစည်းများနှင့် ပတ်သက်သည့် တိုင်ချက်များကို စစ်ဆေးသည့် အစိုးရ အရာရှိ) မှတစ်ဆင့် ဆောင်ရွက်ခြင်းလည်း ဖြစ်နိုင်သည်။

တာဝန်ယူမှုရှိခြင်း၏ အရေးကြီးမှုကိုသိရှိလျက် လူတို့၏ မကျေလည်ချက်များကို တင်ပြနိုင်သောနည်းများသည် တစ်ခု၊ သို့မဟုတ် ထို့ထက်ပိုရှိရန် လိုသည်။ ထို့ပြင် မကျေလည်ချက်များကို ဆွေးနွေးဆုံးဖြတ်ပြီး ထိခိုက်နစ်နာမှုများကို ကုစားပေးရန်လိုသည်။ ကုစားမှုပေးရေး လုပ်ငန်းစဉ်များ (ထိခိုက်နစ်နာမှုများ၊ စိုးရိမ်မှုများကို ဖော်ထုတ်ဖြေရှင်းသည့် နည်းစနစ်များဟု တစ်ခါတစ်ရံသုံးသည်။) သည် ဘက်လိုက်ခြင်း၊ အဂတိလိုက်ခြင်းနှင့် နိုင်ငံရေးအသုံးချမှုမှ ကင်းရန် လိုသည်။ မကျေလည်မှုများ ဖော်ထုတ်ခြင်းသည် အစိုးရ၊ သို့မဟုတ် လွတ်လပ်စွာရပ်တည်သည့် နည်းစနစ်များ ဖြစ်နိုင်ပါသည်။ ၎င်းတို့မှာ - တရားရုံးဆိုင်ရာနည်း (နိုင်ငံတွင်းရှိ တရားရုံး၊ ဒေသဆိုင်ရာ လူ့အခွင့်အရေး တရားရုံးများမှ တစ်ဆင့်) သို့မဟုတ် တရားရေးပြင်ပမှ ပြဿနာများအား ဖြေရှင်းသည့်နည်းလမ်းများ (ဥပမာ - အလုပ်သမားခုံရုံး၊ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ ကုမ္ပဏီ၊ သို့မဟုတ် အဖွဲ့ပေါင်းစုံမှဦးဆောင်သော တိုင်စာစစ်အဖွဲ့စသည်)တို့ ဖြစ်သည်။

လူ့အခွင့်အရေး ထိခိုက်မှုအတွက်ကုသပေးမှုတွင် ဝန်ချတောင်းပန်မှုများ၊ ပြန်လည်ပေးအပ်မှုများ၊ သို့မဟုတ် ပြန်လည်ထူထောင်ပေးမှုများ၊ ငွေကြေး သို့မဟုတ် အစားထိုးလျော်ပေးမှုများ၊ အပြစ်ပေးအရေးယူမှုများ (ဥပမာ-ဒဏ်ကြေး)နှင့် တခြားကာကွယ်နည်းများ (ဥပမာ-လုပ်ငန်းကန့်သတ်ခြင်း၊ သို့မဟုတ် နောက်ထပ်မဖြစ်စေရန် အာမခံ ခိုင်းခြင်း)တို့ ဖြစ်သည်။

## ထိရောက်မှုရှိသော နစ်နာချက်ကုစားမှုရရေးတွင် စိန်ခေါ်မှုများစွာပါဝင်ပါသည်။

- အင်အားမမျှခြင်းသည် ထိခိုက်နစ်နာသူများနှင့် ချိုးဖောက်သည်ဟု အဆိုခံရသူနှင့် အုပ်ချုပ်ရေး အဖွဲ့တို့ အကြားတွင်ဖြစ်သည်။ အစိုးရမှ ချိုးဖောက်သူကိုယ်တိုင် ဖြစ်သောအခါ ထိုကိစ္စသည် ပိုမှန်သည်။ ထို အခြေအနေတွင် မျှတသောကြားနာမှုမျိုးရရန် အခွင့်အရေးအနည်းငယ်သာ ရှိသည်။ အင်အားမမျှမှုနှင့် ပတ်သက်ပြီး တခြားစိုးရိမ်ဖွယ်ရာ အခြေအနေများလည်း ရှိပါသည်။ ဥပမာ - ဆင်းရဲသောရပ်ရွာလူထုမှ နိုင်ငံတကာ ကုမ္ပဏီကြီးတစ်ခုအား အစိုးရ၏မကျေလည်မှုများ ဖော်ထုတ်ခြင်းလမ်းကြောင်းမှတစ်ဆင့် တိုင်ကြားမှုပြုရာတွင် အစိုးရမှ ထိုကုမ္ပဏီကို ဆက်လက်လုပ်ငန်းလုပ်ဆောင်နိုင်စေရန် ဘက်လိုက် ဖြေရှင်းပေးမှုမျိုးဖြစ်သည်။

- **ခုံရုံးများ၏ လွတ်လပ်စွာ ရပ်တည်မှု** - မြန်မာနိုင်ငံ၏ တရားရေးစနစ်သည် တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအနစ်သာရများနှင့် အညီဖြစ်ရေးအတွက် ကြိုးစားပြင်ဆင် လုပ်ဆောင်ဆဲဖြစ်သည်။ ယခုအချိန်တွင် တရားရုံးများ အစိုးရအဖွဲ့မှအပြည့်အဝ လွတ်လပ်စွာရပ်တည်သည်ဟု မယူဆနိုင်သေးသည့်အတွက် ထိခိုက်ခံရသူများကို ထိရောက်သောနစ်နာချက်ကုသမှုများ မထောက်ပံ့နိုင်သေးပေ။ ထို့အပြင် မြန်မာနိုင်ငံ၌ အဂတိလိုက်စားမှုသည်လည်း တွင်ကျယ်စွာ ပျံ့နှံ့ဆဲဖြစ်သည်။
- **မကျေလည်မှုများ ဖော်ထုတ်ခွင့်ရခြင်း** - အစိုးရသည် တစ်နိုင်ငံလုံး၌ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရအဆင့် အလုပ်သမားအငြင်းပွားမှု ဖြေရှင်းရေးစနစ်ကို ဖော်ဆောင်လျှက်ရှိသည်။ သို့ရာတွင် လိုအပ်သည့်အရင်းအမြစ်များ အားနည်းပြီး နောက်ထပ်သင်တန်းများပေးရန် လိုအပ်သည်။
- တရားရေးဆိုင်ရာဖြေရှင်းမှုသည် ကုန်ကျစားရိတ် အလွန်ကြီးမြင့်ပြီး ဖြေရှင်းရန်အချိန်ကြာသည်။ ကုန်ကျစားရိတ်တွက်ရာတွင် ကိုယ်စားလှယ်များ၏ဆောင်ရွက်ခ၊ ကြားနာမှုကိုလာရောက်မှုကြောင့် အလုပ်ပျက်ခြင်း၊ သို့မဟုတ် ကလေးထိန်းခ စသည့်ကုန်ကျငွေများ ပါဝင်သည်။
- တောင်းဆိုချက်တစ်ခုသည် ပြီးဆုံးခါနီးဖြစ်လျှင်ပင်၊ ပေးအပ်ရန် လိုက်နာရမည့်လျော်ကြေးသည် အလွန်များလျှင် (တရားမဝင်နည်းအရ) လျော်ကြေးပေးရန် ရှောင်လွှဲနိုင်သည်။
- ထိခိုက်ခံရသူနှင့် ချိုးဖောက်သူတို့သည် နိုင်ငံသားဖြစ်ခြင်းမတူလျှင် နိုင်ငံခြားကုမ္ပဏီတစ်ခုကို တရားစွဲခြင်းသည် (အထူးသဖြင့် စီးပွားရေးကိစ္စတွင်) ရှုပ်ထွေးသော တရားရေးဆိုင်ရာပြဿနာ ဖြစ်လာသည်။
- တရားရေးစနစ်အရ ဖြေရှင်းမှုများကိုရပ်ဆိုင်းရန် သမားရိုးကျ တရားဝင်နည်းလမ်းများရှိသည်။ (လွတ်ငြိမ်းချမ်းသာခွင့်ရှိမှု၊ အထက်သို့မတင်ခင် အောက်ခြေ၌ဖြေရှင်းနည်းများ အားလုံး လုပ်ရန်လိုအပ်မှု၊ အစိုးရအတွက် နိုင်ငံရေးအကဲဆတ်မှု)

နစ်နာချက်များကုစားမှုပေးရာတွင်ပါဝင်သော စီးပွားရေးလုပ်ငန်းများအတွက် ကုမ္ပဏီများသည် အောက်ခြေအဆင့်တွင် မကျေလည်မှုများဖော်ထုတ်ခြင်း (ဆိုလိုသည်မှာ ရပ်ရွာလူထု၏ လုပ်ရှားဆောင်ရွက်မှုနှင့် တိုက်ရိုက်ထိတွေ့ခြင်း) လုပ်ရန်လိုသည်။ ထိုဖြစ်စဉ်တွင် ကုမ္ပဏီနှင့်ထိတွေ့သူများ (အတွင်းလူ၊ အပြင်လူ)၊ ဥပမာ- အလုပ်သမားများ၊ စားသုံးသူများ၊ ဒေသခံလူထုများပါဝင်နိုင်ခွင့်ရှိမှုလည်းလိုသည်။ သို့မှသာ စီမံကိန်း၏ သက်ရောက်မှုများနှင့်ပတ်သက်သည့်စိုးရိမ်မှုများကို ဖော်ပြခြင်း၊ ထိခိုက်မှုဒဏ်မှကာကွယ်ခြင်း၊ လျော့ချခြင်းနှင့် လုပ်ငန်းများစစ်ဆေးခြင်းတို့ လုပ်နိုင် မည်။ သက်ဆိုင်သူများသည် ၎င်းတို့၏စိုးရိမ်မှုများနှင့် မကျေလည်ချက်များကို ငြိမ်းခြောက်မှုနှင့် လက်တုံ့ပြန်မှုမခံရဘဲ ကုမ္ပဏီသို့ တိုက်ရိုက်တင်ပြနိုင်ခွင့်ရှိသည်။ ကုမ္ပဏီသည် သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းများ၊ ဒေသခံရပ်ရွာအဖွဲ့အစည်းများ၊ ကိုယ်စားလှယ်များနှင့်ပူးပေါင်း၍ မကျေလည်ချက်များကို ဖြေရှင်းရန် ထိရောက်သော၊ တရားမျှတသော လုပ်ငန်းစဉ်ချရမည်။ ထိုလုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာခြင်းနှင့် တရားမျှတခြင်းရှိရမည်။ လုပ်ငန်းအဆင့်များဖြစ်သည့် လက်ခံရရှိမှုအဆင့်၊ ဆောင်ရွက်ဆဲအဆင့်နှင့် ဖြေရှင်းပေးမှုအဆင့်စသည်တို့ကို ရှင်းလင်းစွာဖော်ပြခြင်း၊ နားလည်လွယ်သည့်ပုံစံများဖြင့် (အင်တာနက်စာမျက်နှာမှသည် ကာတွန်းပုံများဖြင့် ရှင်းပြထားသည့် လက်ကမ်းစာရွက်များအထိ) ဆက်သွယ်မှုပြုရမည်။ တိုင်တန်းချက်ကို ကုမ္ပဏီမှသဘောမတူပယ်ချလျှင် ထိုကုမ္ပဏီသည် သက်ဆိုင်သူများကို တခြားရွေးချယ်စရာ ဖြေရှင်းနည်းများကို ပြောပြရမည်။ ဤနေရာတွင် အရေးကြီးသည်မှာ အထက်ပါစနစ်သည် အလုပ်သမားသမဂ္ဂများ၏ အခန်းကဏ္ဍကို မေးမှိန်ခြင်း၊ သို့မဟုတ် တရားဥပဒေနှင့် တခြားနည်းလမ်းများကို အဟန့် အတား မဖြစ်စေပါ။

***ယခုဖော်ပြပါအချက်များသည် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများနှင့် အဘယ့်ကြောင့် သက်ဆိုင်ပါသနည်း။***

မကျေလည်မှုများကို စောစောဖြေရှင်းပေးရန်၊ ထိခိုက်နစ်နာသူများကို တိုက်ရိုက်ကုသမှုပေးရန်၊ ထိခိုက်မှုများ ထပ်မံမဖြစ်ပွားစေရန်အတွက် လုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ရန်တို့သည် စီးပွားရေးလုပ်ငန်းများ၏ မရှိမဖြစ်သော လူ့အခွင့်အရေးဆိုင်ရာ တာဝန်ရှိမှုဖြစ်သည်။ မကျေလည်မှုများကို စောစောသိရန်သည်လည်း ကုမ္ပဏီများ၏ တိုက်ရိုက် အကျိုးစီးပွားဖြစ်သည်။ သေးငယ်သည့်ပြဿနာများ ကြီးထွားမလာခင်ဖြေရှင်းပါက ကုမ္ပဏီများအတွက် အချိန်ကုန်၊ ငွေကုန်သက်သာစေခြင်း၊ နာမည်ပျက်ခြင်းမှ ကာကွယ်ခြင်းတို့အပြင် ထိခိုက်ခံအလုပ်သမားများနှင့် ရပ်ရွာလူထုကို နား ထောင်ရာရောက်ခြင်း၊ တန်ဖိုးထားခြင်းနှင့် စွမ်းအားမြင့်စေခြင်းတို့ ဖြစ်စေသည်။ မကျေလည်မှုများ ဖော်ထုတ်ခြင်းသည် တိုင်စာထည့်သည့် စာတိုက်ပုံး လုပ်ထားခြင်းသက်သက်သာ မဖြစ်ရပါ။ သက်ဆိုင်သူများနှင့် တက်ကြွစွာ အပြန်အလှန် ဆွေးနွေးခြင်း စသည့်ပုံစံများလည်း ရှိသင့်သည်။ ကုမ္ပဏီများအနေဖြင့် ထိုသို့လုပ်ခြင်းသည် ပါဝင်ပတ်သက်သူများနှင့် ချိတ်ဆက်ခြင်းလုပ်ငန်းစဉ်ကို ပို၍ပြည့်စုံစေသည်။ (သို့သော် အစားထိုးလုပ်ရပ် မဖြစ်သင့်ပါ) ထို့အပြင် သက်ရောက်မှု ရှိသည့်နေရာများအား စဉ်ဆက်မပြတ် လေ့လာနိုင်ခြင်းကြောင့် လုပ်ငန်းများကို ပြဿနာမဖြစ်ခင်ကပင် ချိန်ညှိနိုင်သည်။

မြန်မာနိုင်ငံသည် လက်ရှိအခြေအနေတွင် မကျေနပ်ချက်များကို ထိရောက်စွာ ဖြေရှင်းပေးနိုင်စွမ်းရှိသော နိုင်ငံတော်နှင့်ဒေသဆိုင်ရာ တရားရုံးတို့ မရှိပါ။ ထိုသို့ဖြစ်ခြင်းကြောင့် ရေနံ၊သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ပတ်သက်သည့် လုပ်ငန်းတို့သည်  အောက်ခြေအဆင့်တွင် ထိရောက်သောမကျေလည်မှုများ ဖော်ထုတ်ခြင်းရှိရန် လိုသည်။ ထိုမှသာ အလွန်ကြီးမားသော စိန်ခေါ်မှုများဖြစ်သည့် ဖြစ်ပွားဆဲ တိုင်းရင်းသားဖိနှိပ်ခွဲခြားမှုများ (အထူးသဖြင့် ရခိုင်ဒေသ)၊ လုံခြုံရေး၊ အဂတိလိုက်စားမှုနှင့်အတူ ဤစာလွှာတွင်ဖော်ပြထားသော လူ့အခွင့်ရေးပြဿနာများကို စီမံခန့်ခွဲနိုင်မည်။

အလားတူစွာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် မကျေလည်မှုများ ဖော်ထုတ်ခြင်းကြောင့် ခရီးသွားလုပ်ငန်း ကုမ္ပဏီများသည် ၎င်းတို့လုပ်ငန်းမှ ရပ်ရွာလူထုနှင့် အလုပ်သမားများအပေါ် သက်ရောက်မှုများကို နားလည်ပြီး ကြိုတင်စီမံခန့်ခွဲမှုများ ပြုလုပ်နိုင်မည်။ ဟိုတယ်တစ်လုံးဆောက်ရာတွင် တွေ့ရှိနိုင်သောသက်ရောက်မှုများ (ဥပမာ- အိမ်ရာနှင့် ပြန်လည်နေရာချထားရေးတွင် ရပ်ရွာအရင်းအမြစ်များကို သုံးစွဲခြင်း)နှင့် တခြားပြဿနာများ (အလုပ်ခန့်ထားရာတွင် ခွဲခြားမှု၊ ခရီးသည်များ၏ယဉ်ကျေးမှုအားအကဲဆတ်မှု) တို့၏ သက်ရောက်မှုကွာခြားပုံကို နှိုင်းယှဉ်နိုင်သည်။

***ထိခိုက်နစ်နာမှုများအား ကုစားနိုင်သည့်နည်းလမ်းများ ရရှိပိုင်ခွင့်နှင့်ပတ်သက်၍ သိရှိရန် အောက်ပါတို့ကို မေးရန် လိုသည်။***

- ဤစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရပ်ရွာလူထုတွင် စိုးရိမ်မှုများ ရှိသလား။
- လူတိုင်းသည် လွတ်လပ်စွာကန့်ကွက်ပိုင်ခွင့်ရှိသည်ဟု ခံစားရသလား။ ဘယ်နေရာ ဘယ်လိုကန့်ကွက်ရမည်ကို သိရှိသလား။ စိုးရိမ်မှုများကို ကျေနပ်ဖွယ်ဖြေရှင်းပေးမှု ရှိသလား။
- ကန့်ကွက်မှုတွင် ပါဝင်သူတို့သည် ကုမ္ပဏီနှင့် အမှန်တကယ်ထိတွေ့ဆက်ဆံဖြေရှင်းရသည်ဟု ခံစားရသလား။  သို့မဟုတ် ပြင်ပတစ်နေရာမှ လွှမ်းမိုးမှုများ ရှိပါသလား။
- ဖြေရှင်းရန်နည်းလမ်းများသည် လုပ်ရန်မဖြစ်နိုင်သည့် အခြေအနေများရှိပါသလား။ (အလုပ်အလွန်များသောဒေသရှိ တရားရုံး၊ ကုန်ကျစရိတ်မြင့်လွန်းခြင်း၊ ကန့်ကွက်မှုလုပ်ရန် ဝေးလံသည့်နေရာသို့ သွားရခြင်း၊ ယခင်ကိစ္စ အတွေ့အကြုံအရ ဖြေရှင်းမှုရလာဒ်များ အားမည်သည့်အခါမှ မကျင့်သုံးခြင်း၊ လုပ်ရန်ထိုက်တန်သည်ဟု မခံစားရခြင်း)

***အောက်ခြေအဆင့်ရှိ မကျေလည်မှုများအား ဖော်ထုတ်ခြင်းနှင့် ပတ်သက်၍ အောက်ပါတို့ကို မေးရန်လိုသည်။***

- ကုမ္ပဏီသည် မကျေနပ်ချက်များတိုင်ကြားနိုင်သည့် သီးသန့်ဖုန်းလိုင်း ထားရှိပါသလား။ ၎င်းဖုန်းလိုင်း အရေအတွက်ကို ဖော်ပြပါ။ တိုင်စာထည့်ရန် စာတိုက်ပုံးသော ထားရှိသလား။ သို့မဟုတ် အလုပ်သမားများ နှင့် ရပ်ရွာလူထု၏စိုးရိမ်မှုများကို ထုတ်ဖော်နိုင်မည့် နည်းအမျိုးမျိုးသုံးသလား။ ထိုနည်းလမ်းတို့ကို ဘယ်လို အသုံးပြုနိုင်သည်၊ ဘယ်လို တုံ့ပြန်မှုမျိုး မျှော်လင့်နိုင်သည်ကို ရှင်းပြထားသလား။
- ထိခိုက်နစ်နာမှုများ၊ စိုးရိမ်မှုများအား ဖော်ထုတ်ဖြေရှင်းသည့် နည်းလမ်းများအား ဖော်ထုတ်ဖြေရှင်းရာတွင် ရလာဒ်များအား တရားမျှတသည်ဟု ခံစားရသလား။
- ထိခိုက်နစ်နာမှုများ၊ စိုးရိမ်မှုများအား ဖော်ထုတ်ဖြေရှင်းသည့် နည်းလမ်းများအား ဖော်ထုတ်ဖြေရှင်းရာကို အမည်မဖော်ပြဘဲ တိုင်တန်းခွင့်ရှိလား။
- ထိခိုက်နစ်နာမှုများ၊ စိုးရိမ်မှုများအား ဖော်ထုတ်ဖြေရှင်းသည့် နည်းလမ်းများအား ဖော်ထုတ်ဖြေရှင်းရာတွင် သမားရိုးကျ မကျေလည်မှုများဖော်ထုတ်ခြင်း ပုံစံတစ်မျိုးသုံးသလား၊ သို့တည်းမဟုတ် အလုပ်သမား များ၊ သမဂ္ဂများ၊ ရပ်ရွာလူထုနှင့် ပုံမှန် အပြန်အလှန်ဆွေးနွေးမှု ရှိသလား။
- ကုမ္ပဏီများ၏ မကျေလည်မှုများ ဖော်ထုတ်ခြင်းလုပ်ငန်းသည် သမဂ္ဂများ၏ အပေးအယူညှိနှိုင်းနိုင်ခွင့်ကို ကန့်သတ်သလား၊ ဒါမှမဟုတ် တခြားလမ်းကြောင်းများ (တရားရုံး၊ တိုင်တန်းမှု စစ်ဆေးရေးအဖွဲ့) မှ တစ်ဆင့် တိုင်တန်းမှုများကို ပိတ်ပင်ထားပါသလား။

## လူ့အခွင့်အရေးဆိုင်ရာ ကိုးကားချက်များ

နစ်နာချက်များအတွက် ကုစားမှုရရှိပိုင်ခွင့်သည် လူ့အခွင့်အရေးမူဘောင်အတွင်း အကျုံးဝင်သော သဘောတရားဖြစ်သည်။ လူ့အခွင့်အရေး ကြေညာစာတမ်း (အပိုဒ်-၈)နှင့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(အပိုဒ်-၃)တို့တွင် အတိအလင်းဖော်ပြထားသည်။ ကုမ္ပဏီများ၏ လမ်းညွှန်စည်းကမ်း ၂၅-၃၁ တွင်လည်း ဖော်ပြထားသည်။

This factsheet on Access Remedy has been produced by MCRB. An English version is available from www.mcrb.org.mm.